**ကချင်ပြည်နယ် လိုင်ဇာမြို့တွင်ကျင်းပပြုလုပ်သော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ကွန်ဖရင့် (Ethnic Armed Organizations Conference)၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဘုံသဘောထား ရပ်တည်ချက်များအပေါ် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၏ သဘောထား ထုတ်ပြန်ကြေညာချက် ။**

၂၀၁၃ ခုနှစ် ၊ နိုဝင်ဘာလ(၉) ရက်

ကချင်ပြည်နယ် လိုင်ဇာမြို့တွင်ကျင်းပပြုလုပ်သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ကွန်ဖရင့် (Ethnic Armed Organizations Conference)၏ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ် ရပ်စဲရေး ဆိုင်ရာဘုံသဘောထား ရပ်တည်ချက် (၁၁)ချက်ကို သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA)မှ မူအရ သဘောတူပါသည်။

သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA)မှ ယင်းဘုံ သဘောထားရပ်တည်ချက်(၁၁)ချက်အား ပူးပေါင်း ပါဝင်လက်မှတ် ရေးထိုးနိုင်ရန်အတွက် သျှမ်းပြည် ညီညွတ်ရေးကော်မတီ (Committee for Shan State Unity)သို့ ပြန်လည် တင်ပြရန်လိုအပ်ပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရဘက်မှ တင်ပြထားသည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်စာချုပ်နှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ် ဖားအံမြို့တွင် ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (Union Peace-making Work Committee-UPWC) တို့၏ တွေ့ဆုံဆွေးနွေးပွဲမှ ထွက်ရှိလာမည့် ရလဒ်များကို လေ့လာသုံးသပ်ပြီးမှသာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များ၏ တနိုင်ငံလုံး ဆိုင်ရာအပစ်အခတ် ရပ်စဲရေး ဆိုင်ရာဘုံသဘောထား ရပ်တည်ချက် (၁၁)ချက်အား လက်မှတ်ရေးထိုး ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည် ။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ


ဆက်သွယ်ရန် - (၁) ဗိုလ်မှူးကြီး စိုင်းလ - +၆၆ ၈၆ ၉၁၂ ၄၁၀၄

(၂) ဒုဗိုလ်မှူးကြီး စိုင်းမိုဏ်း - +၆၆ ၈၇ ၃၀၃ ၄၁၆၆